# ရဲယွန်းနောင်



အချစ်နတ်သမီး
ဖန်ဆင်းသည့်
အမုန်းကျိန်စာ

(အချစ်လုံးချင်းဝတ္ထုသစ်)

ကိုယ်ရည်းစားတွေ မှ ိုလိုပေါက် ထားခဲ့ဖူးတာ
မှန်တယ် ...
ဒါပေမဲ့ ဝတ်ရည်လောက် ကိုယ်
ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးတာတော့
အမှန်ပဲ ...
သျှင်နေခ

ကျွန်မ တစ်သက်နဲ့ တစ်ကိုယ်
တစ်ယောက်တည်းကိုပဲ
ချစ်ခဲ့ဖူးတယ် ...
အဲဒီတစ်ယောက်
ဘာဖြစ်လို့
ကျွန်မသိပ်မုန်းတဲ့
ရှင် ဖြစ်နေရတာလဲ ...
ဝတ်ရည်ချို

နင့်ကို သိပ်ချစ်တယ် ဝတ်ရည်

နင့်ကို ငါ ပိုင်ဆိုင်ဖို့ အတွက်

ငါ ဘယ်တော့မှ နောက်ဆုတ်မှာ မဟုတ်ဘူး ...

**မြတ်သွေး**

"လောကကြီးမှာ မြင်နိုင်တဲ့ အရာတွေထက် မမြင်နိုင်တဲ့ အရာတွေက ပိုပြီးတန်ခိုးရှိတယ် ...။

ဒေါ်ဂသုန်"

သုသာန်ဝင်းထဲမှာ ဖြင့် လူတွေက ပြည့်ညှပ်နေသလို တန်ဖိုးမြင့်ကားတွေကလည်း ရပ်ထား လိုက်ကြတာ အရောင်အသွေး စုံလင်လှပါသည် ။

မျက်နှာကြီးမျိုးမို့ထင်ပ။ လာလိုက်ကြတဲ့ လူတွေကလည်း ကြိတ်ကြိတ်ကိုတိုးလို့ ။ ပြီးတော့ စိန်ရောင် ရွှေရောင်တွေကလည်း တလက်လက်နှင့် တောက်နေကြသေး။

လူတွေ ကားတွေက ဘယ်လောက်တောင်များ သည် မသိ။ သုသာန်ဝင်းနှင့်တောင်မဆန့်။ ထို့ကြောင့် အလောင်းအား ဘုန်းကြီးတွေက သရဏဂုံတင်ပေးနေစဉ် နေရာထိုင်ခင်းမဆန့်တော့ဘဲ လူတွေက သုသာန်ဝင်း၏ အပြင်ဘက်မှာ ဟိုနားတစ်စု ဒီနားတစ်စုနှင့် ထိုင်နေကြပြီး စကားပြောနေ ကြသည် ။

ထိုအစုတွေထဲမှ မိန်းမကြီးလေးယောက် ထိုင်နေသည့်အစုထဲတွင် စကားသံတွေက တိုးတိုး တိတ်တိတ်နှင့် တီးတိုးသဖန်းပိုးနေကြပါသည် ။

"အင်း ... ခေတ်ကာလသားသမီးများ မိုက်လိုက်ကြတာနော်"

ထိုအထဲမှ အင်္ကျီအဖြူကြားဝတ်ထားသော အမျိုးသမီးကြီး၏ စကား သံကြောင့် အင်္ကျီအစိမ်း ရောင်ဝတ်ထားတဲ့ အမျိုးသမီးကြီးက ...

"ဒီလိုလည်း ဘယ်ဟုတ်ပ့ါမလဲ မလှမေရယ်။ သူ့ခမျာ အရှက်ကို အ သက်နဲ့ လဲသွားရရှာတာ ပဲ"

"အိုတော် ... သူတို့ ဘာသာသူတို့ အနေအထိုင်မှ မဆင်ခြင်တဲ့ ဟာ။ သမီးရည်းစားတွေပဲ လင်နဲ့ မယားမှ မဟုတ်တာ။ ဆင်ဆင်ခြင်ခြင်နေမှ ပေ့ါဟဲ့။ နောက်ဆုံး ရင်ကျိုးတော့ မိဘတွေရယ်။ မိဘတွေကတော့ သ နားစရာပဲ"

"အင်း ... မိဘတွေကတော့ ဘယ်လိုခံစားရတယ် မသိဘူး။ အဲဒီဆုံး သွားတဲ့ သံစဉ်ချိုရဲ့ ညီမ ဝတ်ရည်ချိုလေးကတော့ ခံစားနေရတာ အရူး တစ်ပိုင်းပဲ။ ကလေးမလေးက သူ့အစ်ကိုကိုချစ်ရှာတာ။ နို့ပေ့ ထူးဆန်း တယ်အေ့သိလား။ သူ့အစ်မဆုံးတော့ ကောင်မလေး မျက်ရည်တစ်စက် မကျဘူးအေ့။ တင်းခံနေတာ"

"ဟုတ်ရှာမှာ ပေ့ါလေ"

"သမီး"

သူတို့ တစ်တွေပြောနေကြစဉ်မှာ ပဲ အလောင်းထားရာနေရာဆီမှ စူး ရှကျယ်လောင်သော အသံ တစ်သံက ထွက် လာပြီ။

သူတို့ မိန်းမတစ်စု လှမ်းကြည့်လိုက်တော့ လူတွေက လှုပ်လှုပ်ရွရွဖြ စ်လာကြသဖြင့် သူတို့ တွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အလောင်းထားရာနေရာသို့ အပြေးတစ်ပိုင်းနှင့် လှမ်း ကြတော့သည် ။

အလောင်းကို မီးစက်ဆီသို့ ရွှေ့ပြီးထုတ်ခဲ့ကြတော့ မအေလုပ်သူက

အလောင်းကိုတစ်ဖက် ကိုင်၊ တစ်ဖက်က သန်ဘက်ကလေးကို ကိုင်ကာ အပြင်းအထန် အော်ဟစ်ငိုကြွေးနေရှာပါသည် ။

သူမ၏ အနောက်ဘက်ဆီမှာ က သမီးလုပ်သူ ဝတ်ရည်ချို။ ပြီးတော့ ဝတ်ရည်ချို၏ ပခုံးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသော ဝတ်ရည်ချို၏ အဖေ။

မအေလုပ်သူက ပြင်းပြင်းထန်ထန် သည်းသည်းသန်သန်နှင့် အော်ဟစ်ငိုကြွေးနေပေမယ့် သူမကတော့ တစ်စက်ကလေးမှ မငို။ ယုတ်စွအဆုံး မျက်ရည်တောင်မှ မဝိုင်း။

"ခွမ်း"

ခွဲချလိုက်သည့် ရေအိုးကွဲသံ။ ဒီရေအိုးကွဲသံနှင့်အတူ သူမ၏ အသည်းနှလုံးတစ်စုံတို့ သည် လည်း စုတ်ပြတ်ကွဲကြေသွားပြီလို့ တောင် ထင်ရပါသည် ။

မီးစက်ထဲကိုထည့်တော့မည့် မမ၏ ခေါင်းအား တွေဝေငေးမောစွာ ငေးကြည့်နေမိတဲ့ သူမရဲ့ ရင်ထဲမှာ ဘာဆို ဘာမှ မရှိ။ လစ်ဟာနေသည် ။

"ငိုချ လိုက်လေ သမီး။ စိတ်ကိုတင်းမထားနဲ့ ငိုချလိုက် သမီး"

နံဘေးနားမှာ အားပေးလာသော အဒေါ်လုပ်သူ၏ မျက်နှာကို သူမ မျက်လုံးအပြူးသားလေး နှင့်သာ ကြည့်လိုက်သည် ။ ပြီးတော့ မမဆီသို့သာ ပြန်လှည့်ကြည့်လိုက်သည် ။

"သမီး ... အမလေး ဖြစ်ဆိုးလှချည်လား သမီးရဲ့ ။ အမလေး ... အမိုက်မကြီးရဲ့ ။ အမေ့ရင် တွေ မချိတော့ဘူး သမီးရဲ့ "

သူမ အမေ့ကို ကြည့်လိုက်သည် ။ ပြီးတော့ မမ၏ ခေါင်းတလားကြီး

ကိုကြည့်လိုက်သည် ။

အခုထက်ထိ သူမ မျက်ရည်တစ်စက်မှ မကျသေး။ မကျရအောင်လည်း သူမစိတ်တွေကို တင်းထားသည် ။ တင်းထားရလွန်းသဖြင့် ရင်ဘတ်တွေလည်း အောင့်သက်နေပြီး ခေါင်းတွေလည်း ထူပူနေပြီ။

"သမီး ... အမလေး ... သမီးရဲ့ ... အမေတို့ ကို ထားသွားပြီလား ... သမီး"

မီးစက်ထဲကို တရွေ့ရွေ့နှင့်သွင်းနေပြီဖြစ်သော သမီးလုပ်သူ၏ ခေါင်းကိုကြည့်ကာ ရင်ဘတ် စည်တီးနေသော မေမေ့အား ဖေဖေက တင်းကျပ်စွာပွေ့ဖက်လိုက်ကာ

"ဂသုန် ... မင်းရဲ့ စိတ်ကို ထိန်းပါကွာ"

မင်းရဲ့ စိတ်ကို ထိန်းပါကွာလို့ ပြောနေတဲ့ ဖေဖေ့ရဲ့ အသံတွေကလည်း ငိုသံကြီးနဲ့ ပါပဲ။

သူမ ဖေဖေ့ကိုဖက်ကာ ငိုနေသော မေမေ့ကို တစ်လှည့် မမ၏ ခေါင်းကိုကြည့်ကာ မျက်ရည် တွေကျနေသော ဖေဖေ့ကိုတစ်လှည့်ကြည့်သည် ။

ပြီးတော့ မီးစက်ထဲရောက်သွားပြီဖြစ်သော မမ၏ ခေါင်းလေးကို မမှိတ်မသုန်နှင့်ကြည့်လိုက် သည် ။ ရင်ထဲမှာ လည်း မွန်းကျပ်တစ်ဆို့လာပြီ။ ပြီးတော့ အသက်ရှူတွေပါ ကျပ် လာပြီ။

ထိုစဉ် ...

မီးစက်တံခါးကြီးပိတ်သွားပြီ။ မေမေ့ငိုသံကြီးကလည်း ကျယ်သထက် ကျယ် လာပြီ။ ပြီးတော့ ဖေဖေ့ရဲ့ မျက်လုံးကလေးကလည်း မှိတ်သွားပြီ။

သူမ ရင်ထဲမှာ တင်းကျပ်မွန်းဆို့မှုတွေက တလိပ်လိပ်နှင့်တက်လာပြီ။ ဒါကို ရိပ်မိသောအနား မှ ဒေါ်လေးက

"ငိုချလိုက်သမီး ... ငိုချလိုက်။ တင်းမထားနဲ့ လေ သမီး။ သမီး စိတ်တွေကိုလျှော့လိုက် သမီး"

"ဟယ် ... လုပ်ကြပါဦး"

စိတ်တွေက မွန်းကျပ်တင်းဆို့လာသည့်အဆုံး သူမကိုယ်လေး ပျော့ခွေလဲကျသွားပြီ။

"သမီး ... အမလေး ... သမီးကို လုပ်ကြပါဦး"

အပူပေါ် အပူဆင့်သော မေမေ့အသံက သူမနားထဲမှာ ကြားတစ်ချက်မကြားတစ်ချက်ပါပဲ။ ပြီးတော့ ဆူညံလှုပ်ရှားနေကြတဲ့ အသံတွေ။

ဒါတွေလည်း သူမနားထဲမှာ ကြားတစ်ချက် မကြားတစ်ချက်ပါပဲ။ နောက်တော့ မကြားရတော့။ ဘာဆို ဘာမှ ကို မကြားရတော့။ အရာအားလုံး မှောင်မည်းတိတ်ဆိတ်သွားပြီ။ ပြီးတော့ သူမ၏ ခန္ဓာကိုယ်လေးကလည်း ခေတ္တမျှ ပေါ့ပါးလွင့်မျောသွားပြီ။

သူမ ဘာဆိုဘာမျှမသိတော့ အရာအားလုံးကား သူမအတွက်တော့ တိတ်ဆိတ်သွားပြီ။ တိတ်ဆိတ်သွားပါပြီ။

***

တိတ်ဆိတ်လှသည့် အမှောင်ထုကြီးထဲမှာ သူမ လွင့်မျောနေဆဲ။ ရုတ်တရက် အလင်းတန်း လေးကို တွေ့လာသဖြင့် သူမ အားယူပြီး အလင်းတန်းလေးကို ဖမ်းဆုပ်လိုက်သည် ။

သူမ မျက်ခွံလေးတွေ လှုပ် လာပြီး သူမ အားယူပြီး မျက်လုံးလေးကို ဖွင့်ကြည့်လိုက်တော့ သူမကို ကရုဏာမျက်ဝန်းတွေနှင့်ကြည့်နေကြတဲ့ ဖေဖေနှင့်မေမေ။

သူမ ဖေဖေနှင့်မေမေတို့ ရဲ့ မျက်နှာလေးတွေကို တွေဝေငေးမောစွာဖြင့် ကြည့်လိုက်မိသည် ။

မေမေ ဘယ်လောက်တောင် ငိုထားသည် မသိ။ မေမေ့မျက်ခွံလေးတွေက မို့ရစ်နေပြီး မျက်လုံးလေးတွေက နီရဲနေပြီ။ ပြီးတော့ ချောင်ကျသွားလိုက်တဲ့ မေမေ့မျက်နှာလေး။ တစ်ခဏ အတွင်းလေးတွင် မှာ ပဲ မေမေ့မျက်နှာက ပြောင်းလဲသွားတာပါ။ ဖေဖေ၊ မေမေနဲ့ မမကို သိပ်ချစ်တဲ့ ဝတ်ရည်ချိုက ဒီမိသားစုဝင်တွေကို အရိပ်တကြည့်ကြည့်နဲ့ အမြဲတမ်းကြည့်နေခဲ့တာပါ။ အခုတော့ မေမေ့ရဲ့ ပုံရိပ်တွေ။ ပြီးတော့ ဖေဖေ့ရဲ့ ပုံရိပ်တွေ။ အဲဒီပုံရိပ်တွေက မမမဆုံးခင်တုန်းကပုံစံတွေနှင့် လုံးဝကို မတူတော့။ သိသိသာသာကြီးကို ညှိုးကျနေပြီး ပိန်ကျ၊ အိုကျသွားလိုက်ကြတာ။

"သမီးလေး .. သမီးလေး သတိရ လာပြီ"

မေမေ့ရဲ့ အားရဝမ်းသာသံက မျက်ရည်တွေ ရောစွက်လို့ နေပြီ။ မေ

မေက သူမ၏ နဖူးထက်ရှိ ဆံစလေးများကို လက်ကလေးနှင့် သပ်တင်ပေးကာ ...

"သမီး ... နေရထိုင်ရတာကောင်းရဲ့ လား သမီး"

မေမေ့ရဲ့ အသံတွေက အလောတကြီးနှင့် မေးနေပေမယ့် သူမ ညင်သာစွာပဲ ခေါင်းညိတ်ဖြေနိုင် ခဲ့သည် ။

သူမ ခုတင်ပေါ်မှ ထထိုင်ရန် အားယူလိုက်တော့ ဖေဖေက သူမကို ထူပေးသည် ။

ခုတင်ပေါ်မှာ ထိုင်ကာ သူမအိပ်ခန်းနံရံတွေကို ရီဝေဝေးမောစွာဖြင့် ဝေ့ဝဲကြည့်လိုက်သည် ။ ပြီးတော့ ပွင့်လျက်ဖြစ်နေသော အိပ်ခန်းတံခါးကို အဓိပ္ပာယ်မဲ့စွာကြည့်လိုက်ကာ တိုးလျသောလေသံ သဲ့သဲ့ဖြင့် ...

"မမ ... မမ မရှိတော့ဘူးနော်။ မမ ဒီအိမ်ကြီးမှာ မရှိတော့ဘူးနော်။ မမရယ် ... ဝတ်ရည် သတိရလိုက်တာရှင်"

"အဟင့်"

သူမရဲ့ စကားသံအဆုံး မေမေ ခေါင်းလေးငုံ့သွားကာ ရှိုက်သံလေး ထွက် လာပြီ။ ပြီးတော့ တွေတွေဝေဝေလေးနှင့် ငူငူငိုင်ငိုင်ထိုင်နေသော သူမအား မေမေက ဖက်တွယ်လိုက်ကာ တသိမ့်သိမ့် နှင့်ရှိုက်ငိုပါတော့သည် ။

ငိုနေတာက မေမေတစ်ယောက်တည်း မဟုတ်ပါဘူး။ ဖေဖေရော မျက်ရည်ကျနေတာပါပဲ။

သူမ ဖေဖေနှင့်မေမေတို့ ကို မကြည့်။ နံရံတွေကိုပဲ ဝေ့ဝဲကြည့်ကာ အသံမထွက်ဘဲ ရင်ထဲမှာ ပဲ ကြိတ်ငိုနေမိသည် ။ မျက်ရည်တွေကလည်း သူ၏ မျက်ဝန်းအိမ်မှ တစ်စက်ကလေးမှ ထွက်ကျမလာခဲ့။ ကျမလာ

အောင်လို့ လည်း သူမ ထိန်းနေပါသည် ။

မမရယ် ဝတ်ရည်တို့ မိသားစုတစ်တွေ တစ်နေ့ဒီလိုအဖြစ်ဆိုးနဲ့ ကြုံတွေ့ရလိမ့်မယ်လို့ ဝတ်ရည်တို့ လုံးဝမထင်ထားခဲ့မိပါဘူး။ အခုတော့ မမရယ် အဖြစ်အပျက်တွေအားလုံးက မယုံကြည် နိုင်လောက်အောင်ပါပဲ။ ဝတ်ရည်တို့ တွေ ပတ်ဝန်းကျင်မှာ ခေါင်းတောင်မဖော်ဝံ့တော့ပါဘူး။

ဝတ်ရည် သိပ်ချစ်တဲ့ မမ။ တစ်နေ့ ဒီပုံစံနဲ့ လောကကြီးထဲကနေ ထွက်သွားမယ်ဆိုတာ ဝတ်ရည် သိခဲ့ရင် ဝတ်ရည်လေ ... ဝတ်ရည် မမတို့ကို ချစ်သူတွေမဖြစ်အောင် လိုက်တားမှာ ပါ။

အခုတော့ ပိရိလိုက်တာ မမရယ်။ မမရည်းစားထားတာ ဝတ်ရည်တို့တောင် မသိလိုက်ရဘူး။ တကယ်ဆို ညီအစ်မအချင်းချင်း မမရယ် မမ အစစအရာရာ ဝတ်ရည်နဲ့ တိုင်ပင်သင့်တာပေါ့။ အခုတော့ မမရဲ့ ရည်းစားဆိုတာ ဖြူသလား၊ မည်းသလားဆိုတာ ဝတ်ရည် မသိလိုက်ရဘူး။

ဝတ်ရည် သိပ်ချစ်ရတဲ့ မမသံစဉ်ချို။ ပြီးတော့ ဝတ်ရည်သိပ်ချစ်ရတဲ့ မမရဲ့ အပြုအမူတွေ၊ ပြီးတော့ မမရဲ့ ပြုံးရယ်သံလေးတွေ။ အခုတော့ အဲဒါတွေက သူမအနားမှာ တစ်ခုမှ မရှိတော့။

ဒါတွေအားလုံးက အိပ်မက်ရှည်ကြီးမက်သွားတာလား။ ခေါင်းတလားရဲ့ အဖုံးကို ပိတ်လိုက် တဲ့ အချိန်။ အဲဒီအချိန်မှာ နောက်ဆုံးအနေနဲ့ မြင်လိုက်ရတဲ့ မမသံစဉ်ချိုရဲ့ မျက်နှာ။ အဲဒီမျက်နှာလေး က သူမမျက်လုံးထဲကနေ အခုချိန်ထိမထွက်။ အခုလည်း မထွက်သလို နောင်လည်း ဘယ်တော့မှ ထွက်သွားမှာ မဟုတ်ပါ။

"ဝသုန်"

ဖေဖေ့ရဲ့ အသံကြောင့် မေမေက သူမ၏ ကိုယ်လေးအား ဖက်တွယ်

ထားတာကို ခွာလိုက်ကာ ဖေဖေ့ကို ကြည့်လိုက်သည် ။

ဖေဖေက မေမေ့လက်မောင်းကို ညင်သာစွာဆုပ်ကိုင်လိုက်ကာ ...

"သမီးလေး သိပ်ပင်ပန်းနေပြီ။ သူ့ဘာသာသူ အေးအေးဆေးဆေး တစ်ယောက်တည်း အနားယူပါစေကွာနော်"

ဖေဖေ့ရဲ့ စကားကြောင့် မေမေက သူမ၏ မျက်နှာကလေးကို ကြည့်လိုက်သည် ။ မေမေ့ရဲ့ အကြည့်ကြောင့် သူမ မျက်လွှာကလေးကို ချလိုက်သည် ။

"သမီး"

မေမေ့ထံမှ ထွက်ပေးလာသော နွမ်းလျလျအသံကလေးရယ်ပါ။ သူမ မျက်လွှာကလေးကိုပင့် ကာ မေမေ့မျက်နှာကလေးကို မဝံ့မရဲနှင့်ကြည့်လိုက်သည် ။

အခုချိန်ထိ မေမေ့မျက်ဝန်းနှင့် ပါးပြင်တွေက စိုစွတ်နေတုန်းပါပဲ။ မေမေက ပါးပြင်ပေါ်က မျက်ရည်တွေကို သုတ်လိုက်သည် ။ ပြီးတော့ သူမမျက်နှာလေးကို ရီဝေစွာ ကြည့်လိုက်ပြီးသည့် နောက် သူမ ပါးပြင်လေးကို ညင်သာစွာ နမ်းရှုပ်လိုက်တော့သည် ။ ပြီးမှ ...

"သမီးလေး ... အနားယူတော့နော်"

သူမ ခေါင်းလေးညိတ်လိုက်ကာ ငုံ့လိုက်သည် ။ ထိုအခါ ကြားလိုက်ရတာက မေမေ့ဆီမှ သက်ပြင်းရှည်ကြီး ချလိုက်သံပါ။

ဖေဖေရော မေမေပါ သူမအနားမှ ထွက်ခွာသွားကြပြီ။ ပြီးတော့ သူမ၏ အခန်းတံခါးကို ပိတ် လိုက်သည့်အသံ။

ချစ်သူအတွက်နဲ့ ကိုယ့်ကိုယ်ကို သတ်သေရလောက်အောင် မမ အဲဒီ

လောက်အထိ ပျော့ညံ့လိမ့်မယ်လို့ ဝတ်ရည် လုံးဝမထင်ထားခဲ့မိဘူး။

အဲဒီလူက ဘယ်လောက်တောင်ချောပြီး ဘယ်လောက်တောင်ဆွဲဆောင်မှုကောင်းလို့ မမ အပေါ် ဒီလောက်တောင် လွှမ်းမိုးနေရတာလဲ။ ဝတ်ရည်နဲ့ နေရာချင်းသာ လဲလိုက်ချင်တယ် မမ ရယ်။

မမကို ဝတ်ရည်သိပ်ချစ်တယ်။ မမကို ဝတ်ရည် ဘယ်တော့မှ မေ့လို့ရမှာ မဟုတ်ဘူး ။ သေသောသူကြာရင်မေ့ဆိုတဲ့ စကားက ဝတ်ရည်အတွက် ရယ်စရာဖြစ်နေသလိုပဲ။ ကြာလေ မမကို ပိုပြီးသတိရ လာလေပဲ။

မမကို သတ်သွားတဲ့ အဓိကတရားခံက မမ သိပ်ချစ်တဲ့ မမရဲ့ ချစ်သူပဲ။

ဟုတ်တယ်။ အဲဒီလူကို ဝတ်ရည် လုံးဝမကျေနပ်ဘူး။ အဲဒီလူကို တစ်ခုခုပြန်ပြီး လက်တုံ့ပြန် လိုက်ရမှ ဝတ်ရည် ကျေနပ်မယ်။ မမသိပ်ချစ်တဲ့ လူက ဘယ်လောက်တောင် တန်ဖိုးရှိလို့ လဲ။ အလကား … ယောက်ျားမပီသတဲ့ လူ။ ကိုယ့်တာဝန်ကို ကိုယ်မယူရဲတဲ့ လူ။ ဒီလိုလူအတွက်နဲ့ မမ ကိုယ့်ကိုယ်ကို သတ်သေရတာ လုံးဝကို မတန်ဘူး။ မမအစား ဝတ်ရည်အသည်းနာလိုက်တာ။

သူမ ခုတင်ပေါ်မှ ဆင်းလိုက်ကာ နှေးကွေးသောခြေလှမ်းများ ဖြင့် မမအခန်းဆီသို့ လျှောက်ခဲ့ လိုက်သည် ။

မမရဲ့ အခန်းတံခါးရှေ့ကိုရောက်တော့ သူမတံခါးဖွင့်ရန် လက်ကိုင်သီးကို ကိုင်လိုက်တော့ သူမလက်တွေ တုံ့ဆိုင်းသွားပြီ။ အရင်ကဆို အရမ်းလန့်တတ်တဲ့ မမကို သူမ တံခါးကို ဝုန်းခနဲဖွင့်ပြီး စနေကျ။ အဲဒီလိုတံခါးကို ဝုန်းခနဲဖွင့်လိုက်ရင် မမက အရမ်းလန့်သွားတာ။ မမလန့်သွားတာကို မြင် လိုက်ရင် အူနှိပ်ပြီးရယ်တတ်တာက ဝတ်ရည်ချို့ရယ်ပါ။

အခုတော့ ဒီအခန်းလေးက ပိုင်ရှင်မဲ့ဖြစ်သွားပြီ။ သူမ တံခါးကို ဘယ်လောက်အထိပဲဆောင့် ပြီးဖွင့်ဖွင့် လန့်မယ့် မမက မရှိတော့။ အခန်းလေးက ပိုင်ရှင်မဲ့ဖြစ်နေပြီလေ။

သူမ အခန်းတံခါးကိုဖွင့်ကာ အခန်းထဲသို့ ဝင်ခဲ့လိုက်သည် ။ အခန်းထဲမှာ ပစ္စည်းတွေက နေရာတကျရယ်။ မမက သိပ်ပြီးသပ်ရပ်တာ။ သူ့အခန်းကို အမြဲတမ်း သန့်ရှင်းရေးလုပ်နေကျလေ။

သူမ မမရဲ့ ခုတင်၊ မှန်တင်ခုံ၊ ဗီရိုတွေကိုကြည့်ကာ မျက်ဝန်းအိမ်ထဲမှာ မမရဲ့ ပုံရိပ်ကလေးတွေ က အထင်းသားနဲ့ ပေါ် လာပြီ။

ဒီနေရာ ဒီအခန်းထဲမှာ မမရဲ့ အရိပ်အငွေ့လေးတွေက ထင်ကျန်နေတုန်းပါပဲ မမရယ်။

သူမ မမရဲ့ မှန်တင်ခုံလေးအရှေ့တွင် ထိုင်ကာ မှန်တင်ခုံအောက်ဘက် အံဆွဲလေးကို တစ်ခုချင်းလိုက်ဖွင့်ကြည့်နေလိုက်မိသည် ။ သူမ မမရဲ့ ဒိုင်ယာရီစာအုပ်ကလေးကို လိုက်ရှာမိနေတာ ပါ။

တွေ့ပြီ။ အောက်ဆုံးအံဆွဲလေးထဲမှာ မမရဲ့ အနက်ရောင် ဒိုင်ယာရီစာအုပ်ကလေး။

သူမ စာအုပ်ကလေးကိုယူကာ ကြမ်းပြင်ပေါ် ထိုင်ချလိုက်သည် ။ ပြီးတော့ စာအုပ်ကလေးကို ကြမ်းပြင်ပေါ်မှာ ချကာ စာအုပ်အဖုံးလေးကို လှန်လိုက်သည် ။

သူမ ပထမဦးဆုံးစပြီးတွေ့လိုက်ရတာက အပြာနုရောင် စာအိတ်ကလေးပါ။

စာအိတ်ကလေးရဲ့ နောက်ကျောကိုကြည့်လိုက်တော့ စာအိတ်ကလေးရဲ့ ကျောဘက်မှာ စာလေးတွေကို ရေးထားသည် ။

ဒီစာလေးတွေက မမသံစဉ်ချိုရဲ့ လက်ရေးစာလေးတွေပါပဲ။ "မောင်သံစဉ့်ကို ပထမဆုံးပေး သည့်စာ"တဲ့ ။

မမက သူ့ချစ်သူကို ဘယ်လောက်အထိချစ်သည် ဆိုတာ ဒီစာလေးကိုဖတ်ခြင်းအားဖြင့် သူမ သိသာပါသည် ။

မမ သိပ်ချစ်တဲ့ လူက ဘယ်လိုလူလဲဆိုတာ ဝတ်ရည် ဒီစာကလေးကို ဖတ်ကြည့်မယ်နော်။ ဒီစာကိုဖတ်လို့ ဝတ်ရည်ကို မမ စိတ်မဆိုးပါနဲ့ ။

သူမ စာအိတ်ကလေးကိုဖွင့်ကာ အထဲမှ စာကလေးကို ထုတ်ယူလိုက်သည် ။ အထဲက စာရွက် ကလေးက ပန်းနုရောင်စာရွက်ကလေးရယ်ပါ။

သို့/

သံစဉ်လေး ... သံစဉ်လေးကို ကိုယ် သိပ်ချစ်တယ်။ သံစဉ်လေးကို ကိုယ်စတွေ့တော့လေ တစ်ခါမှ မခုန်ဘူးတဲ့ ကိုယ့်ရင်တွေ အရမ်းခုန်လာတယ် သိလား။ ကိုယ့်ရဲ့ ရင်တွေကို ခုန်လာအောင် ပြုစားခဲ့တဲ့ အချစ်နတ်ဘုရားမလေးကို ကိုယ် ချစ်မိသွားပြီကွာ။ သံစဉ်ဟာ ကိုယ့်ရဲ့ ဘဝ။ ပြီးတော့ ကိုယ့်ရဲ့ အနာဂတ်ပါ။ သံစဉ်သာ ကိုယ့်ရဲ့ အချစ်တွေကို အသိအမှတ်ပြုပေးမယ်ဆိုရင်လေ ကိုယ်ဟာ ဒီကမ္ဘာပေါ်မှာ အပျော်ဆုံးလူသား ဖြစ်ပါပြီကွာ။ ကိုယ့်ကို အပျော်ဆုံးလူသားဖြစ်သွားအောင် သံစဉ်လေး ဖန်တီးပေးပါလား။ ကိုယ် ရင်ခုန်စွာနှင့် မျှော်လင့်ပါရစေကွာ။

ကိုယ်သိပ်ချစ်တဲ့ သံစဉ်လေး အိပ်မက်လှလှ မက်ပါစေ ...

**သံစဉ့်ကိုချစ်တဲ့**
**သျှင်နေခ ...**

သူမ စာရွက်ကလေးကို ပြန်ခေါက်လိုက်သည် ။

ဩော် ... ရှင့်နာမည်က သျှင်နေခတဲ့ လား။ ဟင်း ... ဟင်း ... မမရဲ့ အချစ်ကိုတော့ ရှင် ရအောင်လိမ်ညာပြီး ယူတတ်သားပဲ။ ရှင့်ကို မမက ပြန်ချစ်လိုက်ရင် ရှင်က ဒီကမ္ဘာပေါ်မှာ အပျော် ဆုံးလူသားဖြစ်ပြီတဲ့ လား ... ဟင်း ... ဟင်း ... ရှင်ကတော့ ဘယ်လောက်အထိ ပျော်နေသ လဲ မသိဘူး။ ရှင့်ကို ချစ်မိတဲ့ မမကတော့ ကံဆိုးသွားတာပဲ။ အို မမတင် ကံဆိုးတာမဟုတ်ပါဘူး။ ကျွန်မ မမြင်လိုက်ရတဲ့ မမဗိုက်ထဲက ကျွန်မရဲ့ တူလေး၊ အဲဒီအပြစ်မဲ့တဲ့ ကျွန်မရဲ့ တူလေးပါ ကံဆိုးသွားတာ ပါ။ အဲဒါ တွေက ရှင့်ကြောင့်ဖြစ်ရတာ သိလား။ ရှင့်ရဲ့ တာဝန်မဲ့တဲ့ လုပ်ရပ်တွေကြောင့် မမနဲ့ ကျွန်မရဲ့ တူလေး ဒီလောကကြီးထဲကနေ ထွ က်သွားရတာ။

အဲဒါတွေအားလုံးဖြစ်ရတာ ရှင့်ကြောင့်။ ရှင့်ကြောင့် မမသေရတာ။ ရှင့်ကို ကျွန်မ လုံးဝမကျေ နပ်ဘူး။ ကျွန်မ အစ်မခံစားရသလို။ ပြီးတော့ ကျွန်မ ဖေဖေနဲ့ မေမေ ခံစားရသလို အဲဒီအပြင် ကျွန်မ ခံစားရသလို။ အဲ ဒီခံစားမှုမျိုးတွေအားလုံးအတွက် အတိုးရောအရင်းပါ ရှင် ပြန်ခံစားရ အောင် ကျွန်မ လုပ်ပြမယ် ကိုသျှင်နေခ။ ရှင် နိုင်ငံခြားကို ထွက်သွားလို့ ရှင် ကျွန်မလက်က လွတ်သွားမယ်လို့ များ ရှင် ထင်နေသလား။ ဟင်း ... ဟင်း ... ရှင့်ကို ကျွန်မ မတွေ့တွေ့အောင်ရှာပြီး လက်စားချေပြမယ်။ ဝတ်ရည်ချိုဆိုတာ သံစဉ်ချို မဟုတ်ဘူး ဆိုတာ ရှင် သိလာစေရမယ် ကို သျှင်နေခ။

မမ ... မမအပေါ်မှာ သစ္စာမရှိခဲ့တဲ့ အဲဒီသျှင်နေခဆိုတဲ့ လူကို ဝတ်ရ ည် ဘယ်လိုလုပ်ပြမယ် ဆိုတာ မမ တမလွန်ကနေ စောင့်ကြည့်နေ။

အဲဒီလူရဲ့ ဘဝ၊ ပြီးတော့ အဲဒီလူရဲ့ အနာဂတ်၊ အဲဒါတွေအားလုံး စု

တ်ပြတ်သတ်သွားပြီး ရစရာမရှိတော့အောင် ဝတ်ရည် လုပ်ပြမယ်။ ဝတ်ရည်တို့ မိသားစုတွေ ခံစားရတာထက် အဆပေါင်း များ စွာသာအောင် သူ့ကို ခံစားစေရမယ်။ အဲဒါ မမ စောင့်ကြည့်။

ဝတ်ရည်ချို နှုတ်ခမ်းထောင့်စွန်းလေးကို ကိုက်လိုက်ကာ စာအိတ်ကလေးကို မီးဝင်းဝင်း တောက်တော့ မတတ် မျက်ဝန်းတွေနှင့် စူးစိုက်ကြည့်လိုက်မိတော့သည် ။

***

"YANGON INTERNATIONAL AIRPORT"

လေယာဉ်ဆိုက်ချိန်မို့ လေဆိပ်မှာ လူတွေက ပျားပန်းခတ်မျှ ရှုပ်ထွေးနေပြီ။

ခရီးသည် ကြိုတဲ့ ဧည့်ကြိုနေရာမှ ဂနာမငြိမ်နေကြတဲ့ နှစ်ယောက်။ မျက်လုံးတွေကလည်း ခရီးသည် တွေကို ကြည့်နေကြကာ ကျွတ်ကျမတတ်ရယ်။ သူတို့ နှစ်ယောက်က ဇော်ထက်နှင့် အောင်ချမ်းတို့ ပါ။

ရုတ်တရက် ဇော်ထက်ရဲ့ မျက်နှာ ဝင်းပသွားကာ အောင်ချမ်း၏ ပခုံးအား ပုတ်လိုက်ရင်း ...

"ဟာ ... ဟိုမှာ ထွက် လာပြီ"

အောင်ချမ်းက ဇော်ထက်ညွှန်ပြရာသို့ အငမ်းမရနှင့် ကြည့်လိုက်သည် ။

ဟုတ်ပ။ သူတို့ သူငယ်ချင်း သျှင်နေ။ အဖြူရောင် ကုတ်အင်္ကျီဝမ်းဆက်ဝတ်ထားသော သျှင်နေခက အရပ်က ခြောက်ပေကွက်တိရှိတာမို့ ကုတ်အင်္ကျီနှင့် ဘောင်းဘီနဲ့ က လိုက်ဖက်လွန်း လှပါသည် ။

နှာတံစင်းစင်း၊ နှုတ်ခမ်းရဲရဲနှင့် မျက်ဝန်းနက်တွေကို ပိုင်ဆိုင်ထားသည့် သျှင်နေခက ထူထဲ နက်မှောင်နေသော မျက်ခုံးတစ်စုံကိုပါ ပိုင်ဆိုင်ထားပါသေးသည် ။

ဖြူဖွေးနေသည့်မျက်နှာပြင်ဆီမှ လည်း သွေးကြောမျှင်စိမ်းစိမ်းလေးတွေက အတိုင်းသား မြင်နေရပြီ။

ဆံပင်တိုတိုက Gel တွေနှင့်သထားသည့် Style က ဘယ်လိုပဲကြည့်ကြည့် Smart ကျနေပါ သည် ။

သျှင်နေခအား လက်ပြေ့ယမ်းပြနေသော သူတို့ တွေအား သျှင်နေခ က တွေ့သွားသဖြင့် မျက်နှာမှာ ပြုံးယောင်လေး သမ်းသွားပြီ။

သျှင်နေခက သူတို့ အနားကို လျှောက်လာတော့ ဇော်ထက်က သူငယ်ချင်းလုပ်သူ၏ ပခုံးကို သိုင်းဖက်လိုက်ကာ ...

"ဟာ ... လန်ထွက်နေတာပဲ သူငယ်ချင်းရာ"

"ဟဲဟဲ ... နိုင်ငံခြားပြန်ပဲ။ ဒီလောက်တော့ ရှိရမှာ ပေါ့"

အောင်ချမ်းကလည်း သူ့အနားကိုရောက်လာကာ

"သူငယ်ချင်း ... မင်း ကောင်းစားနေတယ်ဆို"

"ဒီလိုပဲပေါ့ကွာ"

"ကဲ ... တို့ တွေ နောက်မှ စကားပြောကြရအောင်။ လောလောဆယ် မင်းအိမ်ကိုပြန်ကြစို့"

"ဟုတ်တယ်။ မင်း ပြန်လာမယ်လို့ ငါတို့ ကို Phone ချိတ်ထားကတည်းက မင်းအိမ်ကို ငါတို့ နှစ်ယောက်သား အပြတ်သွားရှင်းထားကြတာကွ။

ဟူး ... လူကို ဖတ်ဖတ်မောရောပဲ ဟေ့ကောင်"

အောင်ချမ်းရဲ့ စကားကြောင့် သျှင်နေခက ပခုံးကို လှမ်းပုတ်လိုက်ကာ ရယ်ကျဲကျဲဖြင့် ...

"ဟင်း ... ဟင်း ... မင်းတို့ ကို ကျေးဇူးတင်ပါတယ်ကွာ။ ကဲ ... ငါတို့ တွေ လစ်ကြစို့"

သုံးယောက်သား ပခုံးဖက်လိုက်ကြကာ လေဆိပ်ထဲမှ ထွက်ခဲ့ကြတော့သည် ။ သူတို့ ရဲ့ ခြေ လှမ်းတွေက သက်ပိုင်စိုးရဲ့ အိမ်သို့သာ။

***

ဆင်စွယ်ရောင် နှစ်ထပ်တိုက်ကြီးက ခြံဝင်းကျယ်ကြီးရဲ့ အလယ်မှာ ထီးထီးမားမားကြီးကို တည်နေတာ။

ခြံဝင်းထဲမှာ လည်း ပန်းပင်တွေ အမည်ပေါင်း စုံလင်လှပါသည် ။ အများ ဆုံးကတော့ နှင်းဆီ ပန်းတွေပါပဲ။ ခြံတံခါးဂမှ စပြီး အိမ်ရှေ့ဆင်ဝင်အောက်အထိ လမ်းတစ်လျှောက် ကျောက်သားအနက် တွေကိုသာ အစီအရီ ခင်းထားသဖြင့် လမ်းကား မည်းမှောင်ပြီး နက်မှောင်နေပါသည် ။ အိမ်ကြီး၏ အပေါ်ထပ် လသာဆောင်တွင် လည်း တပ်ဆင်ထားသော စတီးလက်ရန်းတွေက နေရောင်အောက်မှာ တလက်လက်နှင့် တောက်နေပြီ။

သူတို့ ကားလေး ခြံထဲကိုဝင်ခဲ့လိုက်ကာ အိမ်ရှေ့တွင် ကားလေးကို ရပ်လိုက်တော့ သူတို့ သူ ငယ်ချင်းသုံးယောက်သား ဂရန်းသုန်းကားနှင့် ဆင်းကြပြီး အိမ်ထဲသို့ ပြေးဝင်ခဲ့ကြတော့သည် ။

အားလုံးဧည့်ခန်းထဲရောက်တော့မှ ကျွန်းသားတွေနှင့် ပြုလုပ်ထားသော ဆက်တီခုံပေါ်မှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်ကြသည် ။

သျှင်နေခက ဧည့်ခန်းမျက်နှာကျက်ကို မော့ကြည့်လိုက်တာ ...

"ဟူး ... အခုမှ ပဲ အသက်ဂဂရှူရတော့တယ်"

သျှင်နေခ၏ စကားကြောင့် အောင်ချမ်းက သူ့ကို ဇဝေဇဝါနှင့်ကြည့်ကာ ...

"ဟာ ... မင်းကလည်း ဟိုမှာ ရော အသက်ဂုဂု မရှူရလို့ လား"

"ရှူရတာပေါ့ကွ။ ငါဆိုလိုတာက ဟိုမှာ ဆို နေရထိုင်ရတာ အစစအရာရာ လွတ်လွတ်လပ် လပ်မရှိဘူးလေ။ ကိုယ့်ရဲ့ ဇာတိမြေမဟုတ်တော့ နေရထိုင်ရတာ စိတ်ထဲမှာ မွန်းကျပ်သလိုပဲကွ။ ဒီမှာ ဆို ကိုယ့်နိုင်ငံနဲ့ ကိုယ် လွတ်လွတ်လပ်လပ်နေလို့ ရတယ်။ ငါက အဲဒီလိုပြောတာ"

"မသိပါဘူးကွာ။ ငါက နိုင်ငံခြားမှာ အသက်တောင် ဂုဂုမရှူရတော့ဘူးလားလို့ "

ဇော်ထက်ကလည်း ...

"မင်းကွာ ဟိုမှာ နေရင် အကောင်းသားကို။ မင်းမို့လို့ ဒီကိုပြန်လာနေသေးတယ်"

"ငါ မင်းတို့ ကို ပြောပြီးပြီပဲ။ ငါ့စိတ်ထဲမှာ တော့ ဟိုမှာ နေရထိုင်ရတာ မလွတ်လပ်သလို ပါဆို။ ငါက ကိုယ့်နိုင်ငံမှာ ပဲ ကိုယ်ပျော်တတ်တယ်ကွ။ သူများ နိုင်ငံတွေမှာ ဘယ်လောက်ပဲ တိုးတက် တိုးတက် ငါ မပျော်ဘူး"

"ဒါဆို မင်း ဒီမှာ ပဲနေတော့မှာ ပေါ့"

"ဟုတ်တယ်"

ဇော်ထက်ရဲ့ အမေးကို သူ ခေါင်းညိတ်ထောက်ခံလိုက်သဖြင့် အောင်ချမ်းက ...

"ဟာ ... ဒါဆို မင်းအဖေနဲ့ အမေတို့ က ..."

"သူတို့ က အဲဒီမှာ ပဲနေကြတာဆိုတော့ တော်ရုံနဲ့ ပြန်လာကြတော့မှာ မဟုတ်ဘူး ကွ။ ငါ သာ မနေတတ်လို့ ပြန်လာတာ"

"ဒါဆို ဒီမှာ မင်းတစ်ယောက်တည်းနေမှာ ပေါ့"

"အင်းပေါ့"

"ဟုတ်တယ်။ ဖေဖေနဲ့ မေမေတို့ က သူ့ကိုမွေးပြီးကတည်းက နိုင်ငံခြားကို ထွက်သွားကြတာ လေ။ သူက ဒီမှာ အဘွားနဲ့ အတူနေပြီး ကျောင်းတက်နေရတာ။ သူကျောင်းပြီးတဲ့ နှစ်မှာ ပဲ အဘွားက ဆုံးတာ လေ။ ဒါကြောင့် မေမေတို့ က သူ့ကို နိုင်ငံခြားကို ခေါ်သွားတာပေါ့"

သူ မြန်မာနိုင်ငံကနေထွက်သွားတာ တစ်နှစ်တောင် မကြာပါဘူး။ မ နေနိုင်လို့ အခု ပြန်လာ တာပေါ့။

တကယ်တော့ သူ့ဘဝက လက်ညှိုးညွှန်ရာ ရေဖြစ်တဲ့ ဘဝပါ။ တစ်ဦးတည်းသောသားက လည်း ဖြစ်ပြန်တော့ မိဘတွေကလည်း အလိုလိုက်တာပေါ့။ မေမေတို့ က သူ့ကိုဆို သိပ်ချစ်ကြတာ ရယ်။ အခု သူပြန်လာတာတောင် ဖေဖေနဲ့ မေမေတို့ က ပြန်လာခိုင်းတာမဟုတ်။ အတင်းတားကြ တာ။ ဒီကြားထဲကနေ သူက ဇွတ်အတင်းပြန်လာတာလေ။

"မင်းတို့ နှစ်ယောက် အခု ဘာလုပ်နေကြတာလဲ"

သူ့အမေးကြောင့် ဇော်ထက်က ...

"ငါနဲ့ အောင်ချမ်း နှစ်ယောက်စပ်ပြီး လှည်းတန်းဘက်မှာ Computer စာစီစာရိုက်ဆိုင် တစ်ဆိုင် ဖွင့်ထားတယ်လေကွာ"

"ဟာ ... OK ပဲ။ မင်းတို့ ဆိုင်မှာ ငါရောရှယ်ရာ ပါလို့ ရမလား"

"ရတာပေါ့။ Ever welcome ပဲ Friend ။ မင်းကို ငါတို့ အချိန်မရွေး

ကြိုဆိုတယ်"

"ဟုတ်တယ်။ ငါတို့ သူငယ်ချင်းသုံးယောက်လုံး ရှယ်ယာဝင်တော့တို့ တွေ ပိုပြီး အင်အား တောင့်တာပေါ့"

သူတို့ နှစ်ယောက်ရဲ့ စကားကြောင့် သျှင်နေခက

"ဒါဆို ငါလည်း ပါမယ်ကွာ"

***